# ပဋ္ဌာန်းပါဠိအနက်

(ဆရာလှိုင်)

ပဋ္ဌာန်းအမြင့်ကျမ်းအဆင့်ကို
လှမ်းလင့်လွယ်ကူ
အခြေခံယူ၍
ဆွတ်ခူးတော်မူနိုင်ကြရန်

## ပစ္စယနိဒ္ဒေသ

# ပဋ္ဌာန်းပါဠိအနက်

အရကျက်၊ အန္တရာယ်ဟူသမျှထွက်၊ မဂ်ဖိုလ်နိဗ္ဗာန်တက်။

ပဉ္စမပိုင်း

ဆူးလေ၊ ပဋ္ဌာန်း ဆရာလှိုင် စီစဉ်သည်။

ကမ္ဘာအောင်လံပုံနှိပ်တိုက်၊
အမှတ် ၃၇၉ -မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်၍
၃၄-လမ်း၊ နံပါတ် ၁၃၅-ရန်ကုန်မြို့နေ ဆရာလှိုင်က
ထုတ်ဝေပါသည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

# ရောင်ခြည်တော်ဖွင့် ဘုရားပင့်

နီလာယေါ နီလဉ္စနေဟိ၊ ပီတောဒါတာစလောဟိတာ။
တမှာ တမှာတု မဉ္ဇိဋ္ဌာ၊ နိစ္ဆရန္တိ ဘဝံ ပဘာ။
ဧဝံ ဆဗ္ဗဏ္ဏရံသိယော၊ ဗုဒ္ဓေါ ဓေဋ္ဌာတု သိသနော။ ။

ပဉ္စာနံ၊ ပဉ္စာနံ အမြင့်ကျမ်း အဆင့်ကို။ သမ္ပသန္တသော၊ အဖန့်ဖန့် အထပ်ထပ် သုံးသပ် ဆင်ခြင်တော်မူသော။ ဗုဒ္ဓသော၊ အတုမမြင် ဇမ္ဗူခွင်၌ လူတွင်ထင်ရှား ရှင်တော်မြတ် ဘုရား၏။ နီလဝဏ္ဏာနေဟိ၊ ဆံတော်မုတ်ဆိတ်တော် မွေးညှင်းတော်နှင့်မျက်နက်ဝန်းတော်တို့မှ။ နီလာယော၊ ရှုကာပန်းရောင် ငှက်ခါးတောင်လို အရောင်တွေကဗို သဖြင့် ညိုသောရောင်ခြည်တော်တို့သည်။ နိစ္ဆရန္တိ၊ ထိုမှဤမှ လူးလာပြန့်သန်း တင့်ဆန်း ကွန့်မြူးတော်မူကြလေကုန်၏။ ပီတဝဏ္ဏာနေဟိ၊ ကိုယ်တော်မြတ်ရဲ့ အသားတော် အရေတော် လက်မောင်းတော်နှင့် လက်ဖမိုး ခြေဖမိုးတော်တို့မှ။ ပီတာယော-ပီတရံသိယော၊ ရွှေဆိုက်နိုက်ကဲ့သို့ တဖိတ်ဖိတ်တလက်လက် အဝါဘက်ကိုလဲ မပေါ စိမ်းပြာဘက်ကိုလဲမဟုတ် နှစ်မျိုးပုံ ရောစပ်တဲ့ အသရေအဆင်းကဲ့သို့ ရွှေဝင်းသောရောင်ခြည်တော်တို့သည်။ နိစ္ဆရန္တိ၊ ထိုမှဤမှလူးလာပြန့်သန်း တင့်ဆန်း ကွန့်မြူးတော်မူကြလေကုန်၏၊ လောဟိတဝဏ္ဏာနေဟိ၊ အသားတော် လျှာတော် ခြေဖဝါးတော်နှင့် လက်ဖဝါးတော် နှုတ်ခမ်းတော်နီတျာတျာ အရပ်တို့မှ။ လောဟိတာယော၊ နှင်းဆီခေါင်ရမ်း ဝတ်ပန်းကမ္ဗလာနီ တိမ်ရောင်တွေ နီသကဲ့သို့ နီမြန်းခြင်းရှိသော ရောင်ခြည်တော်တို့သည်။ နိစ္ဆရန္တိ၊၏။ ဩဒါတဝဏ္ဏာနေဟိ၊ သွားတော်စွယ်တော်

ဥဏ္ဏလုံမွေ့ရှင်တော်နှင့် မျက်ဖြူတော် အရိုးတော်တို့မှ။
ဩဒါတာ၀၊ ဘော်ဖြူရတနာ တိမ်လွှာဖြူဖွေး ဗိန်ရုတ်
ပုလဲအသွေးကဲ့သို့ ဖြူဖွေးသောရောင်ခြည်တော်တို့သည်
လည်း။ နိစ္ဆရန္တိ၊ ၏။ တမွာတမွာတု၊ ကြက်သရေမင်္ဂ
လာ ပြည့်ဝဖွားသော ကိုယ်တော်မြတ်၏ တကိုယ်လုံးကိုယ်
ကာယမှ။ မဉ္ဇိဋ္ဌာ၀။ မှောင်တခိုခို မိုးစယ်လုံးရိုမျှ မောင်းမဲ
မှိုင်းအုံ့ ရှိမှုံသော အဆင်းရှိသော မဉ္ဇိဋ္ဌ ရောင်ခြည်
တော်တို့သည်လည်း။ နိစ္ဆရန္တိ၊ ၏။ တမွါတမွါတု၊ ကိုယ်
တော်မြတ်၏ တဖိတ်ဖိတ်တရောင်ရောင် တရိပ်ရိပ် ထ
ပြောင်ပြောင် အမှောင်ဟူသမျှကိုခွင်းတတ်တဲ့ အလင်း
ဓာတ်တည်းဟူသော ကိုယ်ကာယအစိတ်အစိတ်မှ။ ပ
ဘာသရာ၊ မိုးပန်းမိုးနွယ်ကောင်းကင်လယ်မှာလျှပ်စစ်
နွယ်ကဲ့သို့ ဖြိုးဖြက်တောက်ပြောင်တခဲနက်သောရောင်
ခြည်တော်တို့သည်။ နိစ္ဆရန္တိ၊ ၏။ ဝေဝံသမ္ဗုဒ္ဓရံသိယော၊
ဤသို့ ညိုသော အရောင် ရွှေသော အရောင် နီသော
အရောင် မောင်းသောအရောင် တခဲနက်အရောင် ဖြိုး
ပြောင်ထိန်လင်း ခြောက်ရောင် အရှင် မင်းဖြစ်တော်မူ
သော။ သောဗုဒ္ဓေါ၊ ထို ရောင်ခြည်ခြောက်သွယ် တင့်
တယ်တော်မူသော မြတ်စွာဘုရားသခင်သည်။ မေမမ၊
ငါးခုခန္ဓာ မှန်စွာသမုတ်အကျွန်ုပ်၏။ (နော အမှာကံ၊)
ပဋ္ဌာန်းနက်ဌမ်း ဒေသနာကျမ်းကို။ ဆင်မြန်းပေါ်ထုတ်
အကျွန်ုပ်တို့၏။ သိသကော၊ ဆံပင်ဂနိုင် ရုံဖြိုင်တင့်ဆန်း
ရှုမခန်းအောင် ဆင်မြန်းကေသာ ဦးခေါင်းတည်းဟူ
သောမြတ်နေရာ၌။ ဌာတု။ ထင်ရှားမတ်မတ် ကြွရပ်
တည်နေတော်မူပါ ရောင်ခြည်တွေ အံ့ မဆုံးနိုင်တဲ့-
ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။

# ပဋ္ဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

## ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော
အာရမ္မဏပစ္စယော
အဓိပတိပစ္စယော
အနန္တရပစ္စယော
သမနန္တရပစ္စယော
သဟဇာတပစ္စယော
အညမညပစ္စယော
နိဿယပစ္စယော
ဥပနိဿယပစ္စယော
ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော
အာသေဝနပစ္စယော

ကမ္မပစ္စယော
ဝိပါကပစ္စယော
အာဟာရပစ္စယော
ဣန္ဒြိယပစ္စယော
ဈာနပစ္စယော
မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယော

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

# ပစ္စယုဒ္ဒေသအနက်

ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

အာရမ္မဏပစ္စယော၊ အာရုံခြောက်ပါးဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

အနန္တရပစ္စယော၊ အခြားမဲ့ဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

သမနန္တရပစ္စယော၊ ကောင်းစွာ အခြားမဲ့ ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

သဟဇာတပစ္စယော၊ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

အညမညပစ္စယော၊ အချင်းချင်းအပြန်အလှန်ကျေးဇူးပြုတတ်သောတရားရင်း။

နိဿယပစ္စယော၊ မှီရာဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

# မန္တာန်းအနက်

ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း၊

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်သည်ဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

အာဟာရပစ္စယော၊ ထောက်ပန့်ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

ဣန္ဒြိယပစ္စယော၊အစိုးရသည်ဖြစ်၍ကျေးဇူးပြုတတ်သောတရားရင်း။

ဈာနပစ္စယော၊ ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူး ပြုတတ်သောတရားရင်း။

သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။

အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားရင်း။

နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားရင်း။

ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ကျေးဇူးပြုတတ် သောတရားရင်း။

အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြု တတ်သောတရားရင်း။

ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေး ပစ္စည်းတို့သည်။ မဟာပကရဏော၊ အနန္တနယသမန္တ မဟာပဋ္ဌာန်းကျမ်းကြီး။ ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

# ပစ္စယနိဒ္ဒေသပါဠိတော်

## ၁။ ဟေတုပစ္စယ

ဟေတုပစ္စယောတိ-

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ၂။ အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ-

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ
သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စ
ယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယ
တနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ
သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စ
ယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ
သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စ
ယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ
စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ
တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ၃။ အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ-

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ
သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ
သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ
သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝိမံသာဓိပတိ ဝိမံသ သမ္ပယုတ္တကာနံ ခန္ဓာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၄။ အနန္တရပစ္စယ

အနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော ။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၅။ သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ

မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော-
ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
သမနန္တရပစ္စယေန ပစ္စယော။
ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ
မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော-
ဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
သမနန္တရ ပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ
ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန
ပစ္စယော။
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန
ပစ္စယော။
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ
ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရ-
ပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ခန္ဓာနံ သမနန္တရာ ယေ ယေ ခန္ဓာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ခန္ဓာ၊ တေ တေ ခန္ဓာ တေသံ တေသံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော၊

## ၆။ သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။
ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။
ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## ၇။ အညမညပစ္စယ

အညမညပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော၊
စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## ၈။ နိဿယပစ္စယ

နိဿယပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။
စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ-
ပစ္စယေန ပစ္စယော။
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ
နိဿယပစ္စယေန ပစ္စယော။
မဟာဘူတာ ဥပါဒါရူပါနံ နိဿယ ပစ္စယေန
ပစ္စယော။
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပ-
ယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏဓာတုယာ တံ
သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန
ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပ-
ယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တ
ကာနဉ္စဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ကာယာယတနံ ကာယဝိညာဏ ဓာတုယာ
တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန
ပစ္စယော။
ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ-
ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ
မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ
ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

## ၉။ ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံဓမ္မာနံဥပနိဿသပစ္စယေနပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိ-မာနံ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။
ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော
ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။
သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀။ ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယောတိ-
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပ-ယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏဓာတုယာ တံ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပ-

ယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

### ၁၁။ ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယောတိ-

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော၊

### ၁၂။ အာသေဝနပစ္စယ

အာသေဝနပစ္စယောတိ-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

### ၁၃။ ကမ္မပစ္စယော

ကမ္မပစ္စယောတိ-

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

### ၁၄။ ဝိပါကပစ္စယော

ဝိပါကပစ္စယောတိ-

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

### ၁၅။ အာဟာရပစ္စယော

အာဟာရပစ္စယောတိ-

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

## ၁၆။ ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယောတိ-

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ၁၇။ ဈာနပစ္စယ

ဈာနပစ္စယောတိ-

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

## ၁၈။ မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ-
မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## ၁၉။ သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ-
စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၀။ ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ-
ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။
အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၁။ အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ-
စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊
ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပ-
ယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပ-
ယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ
သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော။
ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာ-
ယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ
သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။
ယံ ရူပံ နိဿာယ မနောဓာတု စ မနော-
ဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ
မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ
ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

### ၂၂။ နတ္ထိပစ္စယော

နတ္ထိပစ္စယောတိ—
သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ
စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

### ၂၃။ ဝိဂတပစ္စယော

ဝိဂတပစ္စယောတိ—
သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ
ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတ
ပစ္စယေန ပစ္စယော။

## ၂၄။ အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတ-ပစ္စယေန ပစ္စယော၊

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတ-ပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတ-ပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။
မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပ-ယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပ-ယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။
ပဋ္ဌာန်း၊ ပစ္စယနိဒ္ဒေသ ပါဠိတော်ပြီး၏။

## ပစ္စယနိဒ္ဒေသအနက်

### (၁) ဟေတုပစ္စည်း

ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူသည်ကား။ ဟေတူ၊ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်ခြောက်ပါးနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်ခြောက်ပါးကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းမူလ ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏။ တနည်း- ဟေတုပစ္စယေန၊ ပညောင်ပင် အစရှိသည် တို့၏ မူလအမြစ်သည်, ထိုသစ်ပင်အား မြဲမြံစွာ တည်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ဟေတုပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏။

(မှတ်ချက်) ဓမ္မာနဉ္စ အရကား၊ သဟိတ်စိတ် ၇၁- မောဟမူ ဒွေးမှ မောဟကြဉ် စေတသိက် ၅၂-တို့တည်း။

(ဒုတိယပိုင်းအဓိပ္ပါယ်ခင်းနှင့် ကြည့်ရှုပါကုန်)

(၎င်းဟေတုပစ္စည်းသည်-သဟဇာတမျိုးသာပါဝင်၏။)

## (၂) အာရမ္မဏပစ္စည်း

အာရမ္မဏပစ္စယောတိ၊ အာရမ္မဏပစ္စည်းဟူသည် ကား။ ရူပါယတနံ ရူပါရုံအဆင်းဓာတ်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ခုနစ်ပါးတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိဖြစ်၏။ (ဝါ-တနည်း) အာရမ္မဏပစ္စယေန၊ ကြိုးဆွဲတောင်ဝှေး အစရှိသည်တို့သည်, မထွမ်းနိုင်သောသူတို့အား ထခြင်း-ရပ်ခြင်း-သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့ အာရုံ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်ဟောတိ။ ဖြစ်၏။

(မှတ်ချက်) ဓမ္မာနဉ္စ အရကား သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးတို့တည်း။

သဒ္ဒါယတနံ၊ သဒ္ဒါရုံ အသံဓာတ်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ်သောတ ဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ၇ ပါးတို့အားလည်းကောင်း။ အာရမ္မ

ဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏။

(ဝါ-တနည်း အထက်က အနက်အတိုင်းဆို)

ဂန္ဓာယတနံ၊ ဂန္ဓာရုံ အနံ့ ခေါ်သည်။ ဃာနဝိညာဏဓာတုယာစ၊ နံ့သိစိတ် ဃာနဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားခုနှစ်ပါးတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ ရသာရုံ အရသာခေါ်သည်။ ဇိဝှါဝိညာဏဓာတုယာ၊ လျက်သိစိတ်ဇိဝှါဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားခုနှစ်ပါးတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ အထိ ခေါ်သည်။ ကာယဝိညာဏဓာတုယာစ၊ တွေ့ထိစိတ်ကာယဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား၇ပါးတို့အားလည်းကောင်း။ အာရမ္မ

ဏာပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်ရင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်ရင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်ရင်း။ ရသာယတနံ၊ ရသာရုံသည်ရင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း။ မနောဓာတုယာစ၊ မနောဓာတ်အားရင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိတ်တရား (၁၀) ပါးတို့အားရင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(မှတ်ချက်) ဓမ္မာနဉ္စ အရကား-သဗ္ဗစိတ္တသာဓာရဏ (၇) နှင့် ဝိတက်, ဝိစာရ, အဓိမောက္ခ ၁၀ ပါးတို့တည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ မနောဝိညာဏဓာတုယာစ၊ ကြိသိစိတ်မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(မှတ်ချက်) မနောဝိညာဏ ဓာတ် အရကား- သန္တီရဏစိတ် ၃ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ် သဟိတ်စိတ် ၇၁- ပေါင်း(၇၆)ပါးတို့တည်း။ ဓမ္မာနုဒ္ဓအရကား-စေတသိက် ၅၂ ပါးတည်း။

ယံ ယံ ဓမ္မံ၊ အကြင်အကြင်သို့သော အာရုံ ခြောက်ပါး ပစ္စည်းတရားကို။ အာရမ္မဏ၊ အာရုံပြု၍။ စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ယေယေ ဓမ္မာ၊ အကြင်အကြင်သို့သော ပစ္စယုပ္ပန် သဘောတရား တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေ ဓမ္မာ၊ ထိုထိုသို့သော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုသို့သော စိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(မှတ်ချက်) အာရုံ ၆ ပါးတို့တွင် ဓမ္မာရုံ ဟူသည်ကား-သုခုမရုပ် ၁၆ စိတ်၇၆ စေတသိက်၅၂ နိဗ္ဗာန် ပညတ်တို့တည်း။

(ဒုတိယပိုင်း—အဓိပ္ပါယ်ခန်း၌ ကြည့်ရှုပါကုန်)

## အာရမ္မဏခေါင်းဆောင်မျိုးကြီး (၈) ပါး

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၄။ အာရမ္မဏူပနိဿယ
၅။ အာရမ္မဏပုရေဇာတ
၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၇။ အာရမ္မဏပုရေဇာတတ္ထိ
၈။ အာရမ္မဏပုရေဇာတအဝိဂတ

## ၃။ အဓိပတိပစ္စည်း

အဓိပတိပစ္စယောတိ၊ အဓိပတိပစ္စည်းဟူသည်ကား။ ဆန္ဒာဓိပတိ၊ အကြီးအမှူး ဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ နိပ်ဟိတ်စော, တိပ်ဟိတ်စော စိတ်, စေတသိက် တရားတို့အားလည်း ကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဆန္ဒကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သောအဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။ (ဝါ တနည်း) အဓိပတိပစ္စယေန။ ကြွဝတေးမင်းသည် တပါးသောသူတို့၏ ကြီးသော

သဒ္ဓိုကို တားမြစ်၍ တိုင်းနိုင်ငံ သူ့, နိုင်ငံသားတို့အား-အကြီးအကဲ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝီရိယာဓိပတိ၊ အကြီးအမှူး ဝီရိယသည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနံ၊ ဒွိဟိတ်ခြော, တိဟိတ်ခြော, စိတ် စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဝီရိယကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သောအဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ-တနည်း အထက်ကအနက်အတိုင်းဆို။

စိတ္တာဓိပတိ၊ အကြီးအမှူး စိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနံ၊ စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထို စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝီမံသာဓိပတိ၊ အကြီးအမှူး ပညာသည်။ ဝီမံသာသမ္ပယုတ္တကာနံ၊ ပညာနှင့် ယှဉ်ကုန်သော။ ဓမ္မာနံ၊

စိတ် စေတသိက် တရား တို့အားလည်းကောင်း။ တံ
သမုဋ္ဌာနာနံ၊ ထိုပညာကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊
စိတ္တဇရုပ် တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊
အကြီးအမှူးဖြစ်သော အဓိပတိပစ္စယ သတ္တိဖြင့်။ ပစ္စ
ယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟော
တိ၊ ဖြစ်၏။

ယယံဓမ္မံ၊ အကြင်အကြင်အာရုံခြောက်ပါးပစ္စည်း
တရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ စိတ္တစေ
တသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ယေယေ
ဓမ္မာ၊ အကြင်အကြင်ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊
ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထို အာရုံခြောက်ပါး
ပစ္စည်းတရားတို့သည်။ တေသံတေသံ ဓမ္မာနံ၊ ထိုထို
စိတ် စေတသိက် ပစ္စယုပ္ပန် တရားတို့အား။ အဓိပတိ
ပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိ ပစ္စယသတ္တိ
ဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည်။
ဟောတိ၊ ဖြစ်၏။

(မှတ်ချက်) အတူတကွဖြစ်၍ ပြုပြီး အစိုးရာသည်
ကို သဟဇာတာဓိပတိ, အာရုံအလေး
ပြု၍ အကြီးအမှူးပြုပြီး အစိုးရသည်
ကို အာရမ္မဏာဓိပတိ,

(ဒုတိယပိုင်း အဓိပ္ပါယ်ခန်း၌ ကြည့်ရှုတော်
မူကြပါကုန်။)

ရင်းအမိပစ္စည်းသည်–အာရမ္မဏမျိုး, သဟဇာတမျိုး, ၂ ပါး၌ ပါဝင်၏။

## ၄။ အနန္တရပစ္စည်း

အနန္တရပစ္စယောတိ၊ အနန္တရပစ္စည်း ဟူသည့်ကား။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ၇ ပါးတို့သည်လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ပါးတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝါ–ဘနည်းကား။ အနန္တရပစ္စယေန၊ စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီး ရတနာအား အာဏာသိက်ခံခြင်း၌ ကျေးဇူးပြုသကဲ့သို့ အခြားမဲ့ အခြားမရှိ အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

မနောဓာတုစ၊ သမ္ပဋိစ္ဆိုင်း ဟုဆိုအပ်သောမနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနော

ဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာစ၊ စေတသိက် တရား တို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ၊ သန္တီရဏ ဟုဆိုအပ်သောမနောဝိညာဏဓာတ် အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရား တို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

၀ ၂-တနည်းကား အသက်ကနည်းအတိုင်းဆို။
အောက်၌မပြတော့ပြီ။

သောတဝိညာဏဓာတုစ၊ သောတဝိညာဏဓာတ် သည်လည်းကောင်း။ တံ သမ္ပယုတ္တကာ၊ ထို သော တဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာစ၊ စေတ သိက်တရား နှစ်ပါးတို့သည်လည်းကောင်း။ မနော ဓာတုယာ စ ၊ သမ္ပဋိစ္ဆိုင်း ဟုဆိုအပ်သော မနော ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို မနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရား ဆယ်ပါးတို့အားလည်းကောင်း။ အနန္တရပစ္စ ယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သောမနော

ခါတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနော ခါတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ၊ စ၊ စေတသိက်တရားတို့သည် လည်းကောင်း။ မနောဝိညာဏခါတုယာ စ၊ သန္တီရဏကဟုဆိုအပ်သော မနောဝိညာဏ ခါတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏခါတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရသတ္တိဖြင့်။ ပစ္စယော၊ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနဝိညာဏခါတု စ၊ ဃာနဝိညာဏ ခါတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာ၊ ထိုဃာနဝိညာဏခါတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါးတို့သည်လည်းကောင်း။ မနောခါတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သောမနောခါတ်အား လည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို မနောခါတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ပါး တို့အားလည်းကောင်း၊ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရသတ္တိဖြင့်။ ပစ္စယော၊ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောခါတု စ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သောမနောခါတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာ၊ ထိုမနောခါတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်

တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတု ယာ စ ၊ သန္တီရဏ ဟုဆိုအပ်သော မနောဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေ တသိက် တရားတို့အားလည်းကောင်း။ အနန္တရ ပစ္စ ယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှါဝိညာဏဓာတု စ ၊ ဇိဝှါဝိညာဏဓာတ်သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထို ဇိဝှါဝိညာ ဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာစ၊ စေတသိက် တ ရား ခုနစ်ပါး တို့သည်လည်းကောင်း။ မနောဓာတု ယာ စ ၊ သမ္ပဋိစ္ဆန ဟုဆိုအပ်သော မနောဓာတ် အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနော ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရား ဆယ်ပါး တို့အားလည်းကောင်း။ အနန္တရ ပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ ၊ သမ္ပဋိစ္ဆန ဟုဆိုအပ်သော မနော ဓာတ်သည်လည်းကောင်း၊ တံသမ္ပယုတ္တကာ၊ ထိုမနော ဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ ၊ စေတသိက်တရား

တို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ သန္တိရဏဟုဆိုအပ်သော မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ။ ထိုမနောဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား တို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြု တတ်သည်။ ဟောတိ၊ ဖြစ်၏။

ကာယဝိညာဏ ဓာတု စ၊ ကာယဝိညာဏ ဓာတ် သည်လည်းကောင်း။ တံ သမ္ပယုတ္တကာ၊ ထို ကာယ ဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားနှစ်ပါးတို့သည်လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်း ဟုဆိုအပ်သော မနောဓာတ် အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ် နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ် ပါးတို့အားတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊ အနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်း ဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံ သမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရား တို့သည်လည်းကောင်း။ မနောဝိညာဏ ဓာတု ယာ စ၊ သန္တိရဏ ဟုဆိုအပ်သော မနောဝိညာဏ

ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို
မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေ
တသိက်တရားတို့အားလည်းကောင်း။ အနန္တရပစ္စယေန၊
အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာ
ရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏။

## ကုသိုလ်

ပုရိမာ ပုရိမာ၊ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## အကုသိုလ်

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကု

သလာ ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ ပစ္ဆာဇာတ ပစ္ဆာဇာတ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ် တရားတို့အား။ အနန္တရ ပစ္စယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ ပစ္ဆာဇာတ ပစ္ဆာဇာတ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရ ပစ္စယေန၊ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## အဗျာကတ

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော၊ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆာဇာတ ပစ္ဆာဇာတ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရ ပစ္စယေန၊အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ် တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော၊ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ၊ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော၊ အကုသလာနံ၊ အကုသိုလ်တရားတို့အား၊ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယေသံ ယေသံ၊ အကြင်အကြင် ရှေးရှေး၌ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ်စေတသိက်တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင်အကြင် နောက်နောက်၌ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုရှေးရှေး၌ဖြစ်ကုန်သော တရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုနောက်နောက်၌ဖြစ်ကုန်သော စိတ်စေတသိက် တရားတို့အား။ အနန္တရပစ္စယေန အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဒုတိယပိုင်း-အနန္တရပစ္စည်း အဓိပ္ပါယ်ခက်း၌ကြည့်ရှုပါကုန်)

### ၅။ အနန္တရ မျိုးကြီးကား

၁။ အနန္တရ
၂။ သမနန္တရ
၃၊ အနန္တရူပနိဿယ
၄။ အာသေဝန
၅။ နာနာက္ခဏိက ကမ္မ
၆။ နတ္ထိ
၇။ ဝိဂတ
ပေါင်း ၇ ပါးဖြစ်ပါသည်။

### ၅။ သမနန္တရ ပစ္စည်း

သမနန္တရပစ္စယောတိ၊ သမနန္တရပစ္စည်းဟူသည် ကား။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ် သည်လည်းကောင်း။ တံသမ္ပယုတ္တကား၊ ထိုစက္ခု ဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာစ၊ စေတသိတ် တရား ခုနစ်ပါးတို့သည်လည်းကောင်း။ မနောဓာတု ယာစ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သောမနောဓာတ်အား လည်းကောင်း။တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားဆယ်ပါး တို့အားလည်းကောင်း။ သမနန္တရပစ္စယေန၊ ကောင်း

စွာအခြားမဲ့ သမနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

(ငါတနည်းကား) သမနန္တရပစ္စယေန၊ စကြဝတေးမင်း၏ ရဟန်းပြုခြင်းသည်။ သားကြီး ရတနာအားမင်း၏အဖြစ်ကို ရစေခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ ကောင်းစွာအခြားမဲ့ အခြားမရှိ သမနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတုစ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာစ၊ စေတသိက်တရားတို့သည်လည်းကောင်း၊ မနောဝိညာဏ ဓာတုယာစ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ သမနန္တရ၊ ပစ္စယေန၊ ကောင်းစွာအခြားမဲ့ သမနန္တရ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏၊

(အောက်၌ အနက်များကား– အနန္တရနှင့် အားလုံးတူပြီ)

ရင်းပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။

### ၆။ သဟဇာတပစ္စည်း

သဟဇာတပစ္စယောတိ၊ သဟဇာတပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်တရား ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ပါတနည်း) သဟဇာတပစ္စယေန၊ ဆိုမီ သည့်တကွ အလင်းကိုဖြစ်စေသကဲ့သို့ သဟဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ်တို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတ ပစ္စယေန၊ သဟဇာတ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာနှင့်ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယ သတ္တိ ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော၊ ခန္ဓာ၊ နာမက္ခန္ဓာတရားလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်ဝင်ဖြစ်သော ကမ္မဇရုပ်တို့အား၊ သဟဇာတ ပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏၊

မဟာဘူတာ၊ မဟာဘုတ်ရုပ်တို့သည်၊ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား၊ သဟဇာတ ပစ္စယေန၊ သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

"သဟဇာတမျိုးကြီး ၁၅ ပါး"

၁။ သဟဇာတ

၂။ သဟဇာတနိဿယ

၃။ သဟဇာတတ္ထိ

၄။ သဟဇာတအဝိဂတ

မဟာသဟဇာတကြီး ၄ ပါး

၅။ အညမည

၆။ ဝိပါက

၇။ သမ္ပယုတ္တ

၈။ သဟဇာတဝိပ္ပယုတ္တ

သဟဇာတအလတ် ၄ ပါး

၉။ ဟေတု
၁၀။ သဟဇာတာဓိပတိ
၁၁။ သဟဇာတကမ္မ
၁၂။ နာမ်အာဟာရ
၁၃။ သဟဇာတိန္ဒြိယ
၁၄။ ဈာန
၁၅။ မဂ္ဂ

သဟဇာတဘာဂယ် ၇ ပါး

ပေါင်း သဟဇာတမျိုး ၁၅ ပါးဖြစ်ပါသည်။

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုရုပ်တို့သည်၊ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋိသေ ကာရ ပဋိသန္ဓေနာမ်ခန္ဓာတို့အား။ ကိဉ္စိကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ နဟောတိ၊ ဖြစ်၏။

## ၇။ အညမညပစ္စည်း

အညမည ပစ္စယောတိ၊ အညမည ပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊

နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည်။ အညမည ပစ္စယေန အချင်းချင်း အညမည ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ ဖြစ်၏။

(ဝါ၊ တနည်းကား) အညမည ပစ္စယေန၊ သစ်သား သုံးခွ ထိဒေါက်သည် အချင်း ချင်း တချောင်း သည် တချောင်းအားထောက်ပံ့နိုင်စေခြင်းငှာအဖြန်အလှန် ကျေးဇူးပြုသကဲ့သို့ အညမညပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာ ဘူတာ၊ မဟာဘုတ်ရုပ်တို့သည်။ အညမည ပစ္စယေန၊ အချင်းချင်း အညမည ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယ ဝတ္ထုရုပ်သည်။ အညမည ပစ္စယေန၊ အချင်းချင်း အညမည ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရင်းပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။

## ၈။ နိဿယပစ္စည်း

နိဿယပစ္စယောတိ၊ နိဿယပစ္စည်းဟူသည်ကား၊

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ နိဿယပစ္စယေန၊ တည်ရာမှီရာ နိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဝါတနည်းကား) နိဿယ ပစ္စယေန၊ မြေကြီးသည် သစ်ပင်အစရှိသည်တို့အား မှီရာ တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ် ရုပ်တို့သည်။ အညမညံ၊ အချင်းချင်း။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဝါတနည်းကား အထက်ကနည်းအတိုင်းဆို)

ဩက္ကန္တိက္ခဏေ၊ ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ မဟာဘုတ်ရုပ်တို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

စက္ခာယတနံ၊ စက္ခုပသာဒ ရုပ်အကြည်သည်။ စက္ခုဝိညာဏ ဓာတုယာစ၊ မြင်သိစိတ် စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယ ပစ္စယေန၊ မှီရာတည်ရာနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ သောတပသာဒ ရုပ်အကြည်သည်။ သောတဝိညာဏ ဓာတုယာစ၊ ကြားသိစိတ် သောတဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပ

ယုဇ္ဇကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ ဃာန ပသာဒ ရုပ်အကြည်သည်။ ဃာန ဝိညာဏ ဓာတုယာစ၊ နံသိစိတ် ဃာနဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ ထိုဃာနဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှါယတနံ၊ ဇိဝှါယတနရုပ်အကြည်သည်။ ဇိဝှါ ဝိညာဏဓာတုယာစ၊ လျှာသိစိတ် ဇိဝှါဝိညာဏ ဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ၊ထိုဇိဝှါ ဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း၊နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကာယာယတနရုပ်အကြည်သည်။ ကာယဝိညာဏ ဓာတုယာ စ၊ တွေ့သိစိတ် ကာယ ဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တ ကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ခန္ဓာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ နိဿယ ပစ္စယေန မှီရာတည်ရာ နိဿယ ပစ္စယသတ္တိ ဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံရူပံ၊ အကြင်ဟဒယ ဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ မနော ဓာတ်သည် လည်း ကောင်း။ မနော ဝိညာဏ ဓာတု စ၊ မနောဝိညာဏ ဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ ဖြစ်ကုန်၏။ တံရူပံ၊ ထိုရုပ်သည်။ မနောဓာတုယာ စ၊ မနော ဓာတ်အား လည်းကောင်း။ မနောဝိညာဏ ဓာတုယာ စ၊ မနော ဝိညာဏ ဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တ ကာနံ၊ ထိုမနောဓာတ် မနောဝိညာဏ ဓာတ်နှင့် ယှဉ် ကုန်သော။ ခန္ဓာနဉ္စ၊ စေတသိက် တရားတို့အား လည်း ကောင်း။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

၎င်းပစ္စည်းသည် သဟဇာတမျိုး, ဝတ္ထု၊ ပုရေဇာတမျိုး, ၂ ပါး၌ ပါဝင်၏။

## ၉။ ဥပနိဿယပစ္စည်း

### ကုသလပိုင်း

